မြတ်စွာဘုရားသည် ရတနသုတ်ကို ဟောတော်မူရန် ရာဇဂြိုဟ်မြို့မှ ဝေသာလီပြည်သို့ ကြွတော်မူမည် ဖြစ်၍ လိစ္ဆဝီမင်းတို့ ဂင်္ဂါမြစ်၌ဆင်းကာ ကြိုဆိုနေကြခိုက် အရပ်လေးမျက်နှာမှ မိုးရိပ်မိုးသားများတက်လာပြီး အမှောင်ထုကြီး စိုးမိုးသွား၏။ ကောင်းကင်ယံ၌လည်း မိုးခြိမ်းသံများ တဂျုံးဂျုံး မြည်ဟည်းလာ၏။ လျှပ်စစ်လျှပ်ပန်းများလည်း လင်းလက်လာကြကုန်၏။ ဂင်္ဂါမြစ်ကမ်းခြေသို့ ခြေတော်ချလိုက်သည်နှင့် ပေါက္ခရဝဿမိုးကြီး ရွာချတော့၏။

*(စိုစွတ်လိုသူတို့သာ စိုစွတ်ပြီး၊ မစိုလိုသူတို့ကို မစိုသောမိုးကို ပေါက္ခရဝဿမိုးဟု ခေါ်သည်။)*

မိုးရေမိုးပေါက်တို့သည် ဝေသာလီမြို့တွင်း ဒူးဆစ်လောက်၊ ပေါင်လယ်လောက်၊ ခါးလောက်၊ လည်မျိုလောက် ရေစီးကြောင်းများ ဖြစ်ပေါ်လာ၏။ လူသေအလောင်းများ ရေစီးနှင့်အတူ ဂင်္ဂါမြစ်၌ မျောပါသွားကြကုန်၏။ တစ်မြို့လုံးလည်း မြေသန့်သွား၏။ သိကြားမင်းသည် နတ်အပေါင်းခြံရံလျက် ဆင်းသက်လာသည်။ တန်ခိုးကြီးမားကြကုန်

# ရတနသုတ်(ပရိတ်ကြီး)

**အရှင်ပညာသီဟာဘိဝံသ (ပဋ္ဌာနိကာယ်)**



သော နတ်ဒေဝတာများ ရောက်လာကြကုန်သည်ဖြစ်၍ ဘီလူး၊ သရဲတို့ အများအပြား ထွက်ပြေးကြရကုန်၏။

အရှင်အာနန္ဒာသည် ရတနသုတ်ကို မြို့လုံးအနှံ့ပတ်၍ ရွတ်တော်မူ၏။ ပရိတ်ရေများဖြင့်လည်း ဖျန်းပက်၏။ ပထမဂါထာကို ရွတ်၍ ပရိတ်ရေကို ဖျန်းပက်လိုက်သည်နှင့် အမှိုက်ပုံ၊ တံတိုင်းနံရံတို့တွင် ကပ်လျက်ကျန်နေကြကုန်သော ဘီလူး၊ သရဲတို့သည် မြို့တံခါးလေးပေါက်တို့မှလည်းကောင်း၊ မြို့တံတိုင်းကို ဖောက်၍ လည်းကောင်း ထွက်ပြေးကြကုန်၏။ ဘီလူး၊ သရဲတို့ မရှိကြကုန်သည်ဖြစ်၍ လူတို့တွင်စွဲကပ်နေသော ရောဂါတို့သည်လည်း ပျောက်ကင်းကြ၏။

ရောဂါပျောက်ကင်းသွားကြကုန်သော မြို့လူထုသည် ပန်းနံ့သာတို့ဖြင့် မထေရ်မြတ်ကိုပူဇော်ကြကုန်၏။ နောက်မှလိုက်ပါလာကြကုန်၏။ မြို့လယ် လွှတ်တော်ရုံးတွင် ဗုဒ္ဓဘုရားရှင်သည် ရဟန်းပရိသတ်၊ လူပရိသတ်၊ သိကြားမင်းအမှူးရှိသော နတ်ပရိသတ်နှင့်အတူ စောင့်နေတော်မူ၏။အရှင်အာနန္ဒာလည်း ပရိသတ်နှင့်အတူ မြို့အနှံ့ရွတ်ပြီး၍ ရောက်ရှိလာသည်။ ပရိသတ်တို့အား ဖော်ပြပါအနက်အဓိပ္ပာယ်ရှိသော ရတနသုတ်ကို ဟောတော်မူပါသည်။

**၁။ ယာနိဓဘူတာနိ ဂါထာ**

ရတနသုတ်ကို ဟောကြားပါတော့မည်။ လူ၊ နတ်၊ ဗြဟ္မာအားလုံးတို့ ရွှင်လန်းဝမ်းသာကြပါ။ သတိစိုက်ပြီးလည်း ရိုရိုသေသေနာယူကြရန် တိုက်တွန်းပါသည်.ဟူ၍ မြန်မာလို မှတ်သားအပ်၏။

ဤစကားတော်ဖြင့် ရတနသုတ်ကို နာမည့်သူများ၊ ရွတ်ဖတ်ကြမည့်သူများ စိတ်မပါဘဲ ပျင်းရိစွာ နာယူခြင်းမျိုး၊ ရွတ်ဖတ်ခြင်းမျိုး မဖြစ်ကြရ၊ ရိုရိုသေသေ လေးလေးစားစား စူးစူးနစ်နစ် ဆောင်ရွက်ကြရမည်ကို သိရ၏။

ဤဂါထာတွင် နတ်တို့ကို နှစ်မျိုးနှစ်စား ပြဆိုထား၏။ ဘုမ္မာနိ ဘုမ္မစိုးနတ်နှင့် အန္တလိက္ခ အာကာသစိုးနတ်တို့ ဖြစ်သည်။ ဤရတနသုတ်ကိုလည်း မင်္ဂလသုတ်ကဲ့သို့ပင် နတ်ဒေဝတာများအား ပဓာနထား ဟောကြားတော်မူ၏။

**ဘုမ္မစိုးနတ်** ဟူသည်မှာ မြင့်မိုရ်တောင်၌နေထိုင်ကြကုန်သော စတုမဟာရာဇ်နတ်၊ တာဝတိံသာနတ်များနှင့် မြေစောင့်နတ်၊ ရုက္ခစိုးနတ်၊ ပေါတောင်စောင့်နတ်တို့ ဖြစ်သည်။

**အာကာသစိုးနတ်** ဟူသည် ယာမာနတ်တို့မှစ၍ ရူပဗြဟ္မာ၊ အရူပဗြဟ္မာတို့ ဖြစ်သည်။

ရတနသုတ်သည် ဤဂါထာမှ စ, သည်။

**၂။ တသ္မာ ဟိ ဘူတာ ဂါထာ**

အိုနတ်များတို့၊ ထပ်၍တိုက်တွန်းပါသည်။ နားစေ့စေ့ ထောင်ကြပါကုန်။ သင်တို့အားလုံး လူသားများအပေါ်တွင် မေတ္တာထားကြလော့။ လူသားတို့သည် နေ့ရောညပါ ပူဇော်ဖွယ်ရာတို့ဖြင့် သင်တို့ကို ပို့ဆောင်ပူဇော်နေကြသောကြောင့် ထိုလူသားများကို သင်တို့ မေ့မထားကြနှင့်၊ ပစ်မထားကြနှင့်၊ စောင့်ရှောက်ကြကုန်ပါလေဟု မြန်မာလိုမှတ်သားအပ်၏။

လူသားတို့သည် နေ့အခါတို့၌ နတ်ကွန်း၊ တောစိုးသစ်ပင် စသည်တို့သို့ သွားကြပြီး နတ်တို့ကိုရည်စူး၍ ပူဇော်ဖွယ်ရာတို့ဖြင့် ပူဇော်ခြင်း၊ ညဥ့်အခါ၌လည်း ဆီမီးပူဇော်ခြင်း၊ ပန်းလှူခြင်း၊ တရားနာခြင်း စသည်တို့ကိုပြု၍ နတ်တို့ကို အမျှအတန်းပေးဝေကြကုန်၏။ ယင်းကို ဒေဝတာဗလိဟု ဆိုပါသည်။

ထိုခေတ် ထိုအခါက ဝေသာလီပြည်သူပြည်သားတို့မှာ စေတိယ (ခေါ်) နတ်ကွန်းတို့၌ နတ်ရုပ်များကို လည်းကောင်း ဝနပ္ပတိ (ခေါ်) နတ်နေသစ်ပင်ကြီးတို့၌ ရုက္ခစိုးနတ်ကို လည်းကောင်း ရည်စူးကာ ပူဇော်လေ့ ရှိကြကုန်၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် ရတနသုတ်အစတွင် ပြုမြဲတိုင်း ဒေဝတာဗလိကိုဆက်လက်ပြုစေ၏။

နတ်ကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ချိုးချိုးနှိမ်နှိမ် ပျစ်ပျစ်နှစ်နှစ် ရေးသားခြင်း၊ ပြောဆိုကြခြင်းတို့ကို ဖတ်ရကြားရ၏။ ယခုအခါ ကနားစီး နတ်ဆရာတချို့သည် နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ပင် သွားရောက်၍ နတ်က,နေကြရ၏။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီး မဟုတ်ပါလား။ အမြစ်တွယ်သကဲ့သို့ဖြစ်နေသော လူမျိုး၏ရိုးရာအစွဲကို လွယ်လွယ်ဖြင့် ချေဖျက်၍ ရမည်နိုင်မည်မဟုတ်။

"လူတို့ကလည်း နတ်ဒေဝတာကို ပူဇော်ကြ၊ နတ်ဒေဝတာတို့ကလည်း မေတ္တာထားပြီး လူသားတို့ကို မမေ့မလျော့ စောင့်ရှောက်ကြ၊ စီးပွားဖြစ်ထွန်းအောင် ကယ်ဆောင်ပေးကြ၊ စီးပွားပျက်မည့်အရာတို့ကို ဖယ်ရှားပေးကြ"

ဟု တိုက်တွန်းတော်မူသော ဗုဒ္ဓ၏ မေတ္တာ ကရုဏာတော်သည် လူသားနှင့်နတ်ဒေဝတာတို့ နှစ်ဦးနှစ်ဖက် အကျိုးများရဖို့သာ ဖြစ်၏။ စိတ်ထားမြင့်မြတ်သူတို့သည် လောကသားတို့ကောင်းကျိုးကို အစဉ် ညွှန်ကြားလေ့ရှိ၏။ စိတ်သဘောထား သေးနုပ်သူတို့ကား မိမိနှင့်မိသားစုကောင်းစားရေးကိုသာ ဦးစားပေး အလေးထားကြ၏။ နတ်များအား ပူဇော်ပ,သခြင်းကို လောကကြီးပွားရေးတစ်ရပ်အဖြစ် ဘုရားရှင် အသိအမှတ်ပြုသည်ကို ဤပရိတ်တော်အရ သိရ၏။

**၃။ ယံကိဉ္စိ ဝိတ္တံ ဂါထာ**

ဤလူ့ပြည်၊ ဟိုနဂါး ဂဠုန် စသောပြည်၊ နတ်ပြည် (၆) ထပ်၊ ဗြဟ္မာ့ပြည် (၂၀)တို့၌ ရှိရှိသမျှ အဖိုးတန်ရတနာတို့တွင် ဗုဒ္ဓနှင့်တန်းညီသော ရတနာကား မရှိနိုင်။ ဘုရားမြတ်၌ ဤရတနာအဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်ကား ထူးခြားကောင်းမြတ်လှပါပေသည်။ ဤသစ္စာစကားကြောင့် သတ္တဝါတစ်တွေ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊ ရောဂါကင်းကြပါစေ ဟူ၍ မြန်မာလို မှတ်သားအပ်၏။

ဤဂါထာဖြင့် ဘုရားရှင်သည် ရတနာအစစ်အမှန် ဖြစ်ကြောင်းကို တိုင်တည် သစ္စာပြုသည်။ ရတနသုတ်ကား ဘုရား၊ တရား၊ သံဃာတို့၏ အတုမရှိ ရတနာအစစ်အမှန်ဖြစ်ကြောင်း သစ္စာဆို၏။ သတ္တဝါအများ ချမ်းသာပွားဖို့ တောင့်တ၏။

ရတနာသည် နှစ်သက်ခြင်းကိုဖြစ်စေ၏။ ပျော်ရွှင်မှုကိုလည်း ဖြစ်စေ၏။ ဒီအပြင် အလေးအမြတ်ပြုအပ်သောကြောင့် လည်းကောင်း၊ အတုမရှိ အဖိုးများစွာ ထိုက်တန်သောကြောင့် လည်းကောင်း၊ တွေ့နိုင်မြင်နိုင်ခဲသောကြောင့်လည်းကောင်း၊ သူမြတ်တို့သာသုံးဆောင်အပ်သောကြောင့်လည်းကောင်း 'ရတနာ' ဟူ၍ ဆိုအပ်၏။

ပရိတ်အနက်ကို မသိသော်လည်း ယုံကြည်မှုအားကြီးသူတို့မှာ ပရိတ်တန်ခိုးအကျိုး ထိုက်သလောက်ရမည်သာ။ သို့သော် ပရိတ်အနက်သိ၍ ဂုဏ်တော်ကို အာရုံပြုမိခြင်းဖြင့် နှစ်သက်ခြင်း၊ အေးချမ်းခြင်း ဖြစ်ရခြင်းတို့မှာ အလွန်ထူးခြားသည့် ကျက်သရေမင်္ဂလာ ဖြစ်ပါသည်။ ထိုသို့ ကျက်သရေမင်္ဂလာရှိသူ၌ အ,မင်္ဂလာများ ရှောင်ရှား၍ ကောင်းကျိုးများ တိုးတက်လာမည်မှာအသေအချာတည်း။ ထို့ကြောင့် လိုရင်း အနက်အဓိပ္ပာယ်ကို သိအောင် ကြိုးစားကြရပါမည်။

### ၄။ ခယံ ဝိရာဂံ ဂါထာ

အရိယာမဂ် သမာဓိရှိတော်မူသော ဘာကီနွယ်ဖွား မြတ်စွာဘုရားရှင်သည် ကိလေသာကုန်ခန်းရာ၊ ရာဂအတွယ် ပျောက်ပြယ်ရာ၊ သေခြင်းမရှိရာ၊ မွန်မြတ်လှစွာ အကြင်နိဗ္ဗာန်တရားကို သိမြင်ရပိုင်တော်မူခဲ့သည်။ ထိုနိဗ္ဗာန်တရားနှင့် ဂုဏ်ရည်တူတရားဟူ၍ တစိုးတစိ မရှိနိုင်တော့ပေ။ ဤနိဗ္ဗာန်တရားတွင် ရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတစ်တွေ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊ **ရောဂါကင်းကြပါစေ ဟူ၍ မြန်မာလို** မှတ်သားအပ်၏။

နိဗ္ဗာနဓာတ်ကိုမသိမမြင်ဘဲ ဘုရားမဖြစ်၊ ပစ္စေကဗုဒ္ဓါ မဖြစ်၊ အရိယာမဖြစ်။ ဘုရား၊ ပစ္စေကာ၊ အရိယာများ ဖြစ်ကြရခြင်းသည် နိဗ္ဗာန်ကိုတွေ့မြင်ကြရသောကြောင့်သာ ဖြစ်၏။ ထို့ကြောင့်ပင် ဗုဒ္ဓဂုဏ်တော်ကို ချီးကျူးပြီးနောက် ဗုဒ္ဓဖြစ်ကြောင်း အကောင်းဆုံးသော တရားမြတ် နိဗ္ဗာနဓာတ်ကို ဂုဏ်ပြုလို၍ ဤဂါထာကို ဟောတော်မူ၏။

နိဗ္ဗာနဓာတ် တရားမြတ်ကို ပုထုဇဉ်တို့ မှန်းဆနိုင်ရုံသာ သိနိုင်၏။ အရိယမဂ် သမာဓိကိုရပါမှ နိဗ္ဗာန်ကို တိုက်ရိုက်သိနိုင်၏။ လောကီသမာဓိဖြင့် နိဗ္ဗာန်ကို မသိမမြင်နိုင်ခြင်းကိုလည်း ဤဂါထာဖြင့် သိရ၏။

### ၅။ ယံ ဗုဒ္ဓသေဋ္ဌော ဂါထာ

ဘုရားမြတ်သည် အလွန်စင်ကြယ်သန့်ရှင်းစွာသော အရိယမဂ်သမာဓိကို ထုတ်ဖော်ချီးကျူးခဲ့ပေ၏။ အရိယမဂ်သမာဓိသည် မိမိ၏အခြားမဲ့၌ ချက်ချင်း အကျိုးပေး၏။ အရိယမဂ်သမာဓိနှင့်တူညီသော သမာဓိကားမရှိပေ။ ဤအရိယမဂ်တရား၌ ရတနာ၏အဖြစ် နှစ်သက်ဖွယ်ဂုဏ်ရည်သည်လည်း ထူးမြတ်လှပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတစ်တွေ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊ ရောဂါကင်းကြပါစေဟူ၍ မြန်မာလိုမှတ်သားအပ်၏။

ဤဂါထာနှစ်ပုဒ်ဖြင့် တရားတော်၏ ရတနာအစစ်အမှန် ဖြစ်ကြောင်းကို တိုင်တည် သစ္စာပြုသည်။

ကိလေသာအညစ်အကြေးကို အပြီးအပိုင် ပယ်ဖြတ်အပ်ပြီးဖြစ်သောကြောင့် အရဟတ္တမဂ်သမာဓိသည် စင်စစ် စင်ကြယ်၏။ မဂ်သမာဓိဖြစ်ပြီးနောက် အကျိုးဖိုလ်ကို မိမိအခြားမဲ့၌ အကျိုးပေး၏။ ထိုအကျိုးကို မပေါ်ပေါက်ဖို့ တားမြစ်နိုင်စွမ်းသော အန္တရာယ် တစ်စုံတစ်ရာ မရှိ။ မဂ်ရပြီး ဖိုလ်မဖြစ်ရသေးဘဲ ကမ္ဘာဖျက်မီးသည်ပင် မလောင်ရသေး၊ စောင့်ပေးရ၏။

လောကီသမာဓိသည် ဖြတ်မှ ပြည့်သို့ပင် ရောက်စေဦးတော့၊ ငရဲ စသော အပါယ်လေးပါးတို့တွင် ဖြစ်ရသေး၏။ ထို့ကြောင့် အမြတ်ဆုံးဟု မဆိုနိုင်။

### ၆။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ဂါထာ

ဘုရား စသော သူတော်ကောင်းတို့ ချီးမွမ်းအပ်သော အရိယာပုဂ္ဂိုလ်တို့ကား အစုံ (၄)ပါး၊ ခွဲခြား(၈)ပါး ရှိသည်။ မြတ်စွာဘုရား၏သာဝကများ ဖြစ်ကြကုန်သော ထိုအရိယာတို့သည် အလှူကို ခံယူတော်မူထိုက်သည့် ပုဂ္ဂိုလ်တို့တည်း။ ထိုအရိယာတို့အား လှူအပ်သမျှ အလှူဒါနဘိုသည် အကျိုးပေး ကြီး၏။ ဤအရိယာသံဃာ၌ ရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတစ်တွေ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊ ရောဂါကင်းကြပါစေ ဟူ၍ မြန်မာလို မှတ်သားအပ်၏။

**အစုံ (၄)ပါး**

၁။ သောတာပတ္တိမဂ္ဂဋ္ဌာန်၊
သောတာပတ္တိဖလဋ္ဌာန်။
၂။ သကဒါဂါမိမဂ္ဂဋ္ဌာန်၊
သကဒါဂါမိဖလဋ္ဌာန်။
၃။ အနာဂါမိမဂ္ဂဋ္ဌာန်၊
အနာဂါမိဖလဋ္ဌာန်။
၄။ အရဟတ္တမဂ္ဂဋ္ဌာန်၊
အရဟတ္တဖလဋ္ဌာန်။

**သီးခြားရှစ်ဖော်**

မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်(၄)ယောက် + ဖလဋ္ဌာန်ပုဂ္ဂိုလ် (၄)ယောက်။ ဤသို့အားဖြင့် သဘောတူရာပေါင်း၍ အရိယာပုဂ္ဂိုလ် (၈)ယောက်ဟု ဆိုသည်။ ထိုပုဂ္ဂိုလ်တို့၏ သီလ စသော ဂုဏ်ကျေးဇူးတို့ကြောင့် ဘုရား စသော သူတော်ကောင်းတို့က ချီးမွမ်းကြ၏။ စံကားဝါပန်း၊ မြတ်လေးပန်း၊ ခရေပန်း၊ နှင်းဆီပန်းတို့ကို လူသားတို့က ယင်းတို့၏ အဆင်း၊ ရနံ့ကြောင့် နှစ်သက်ကြကုန်သကဲ့ ဖြစ်ပါသည်။ အရိယာသံဃာ၏ဂုဏ်ဖြင့် တိုင်တည် သစ္စာဆိုသည်။

အခြားဘာသာတို့သည် ဘုရားစကားကို ကြားနာကြရ၏။ သို့သော်လည်း ဘုရားစကားကို နားမထောင်ကြ။ အရိယာတို့ကား ကြားနာကြရသည့်အတိုင်း လောကုတ္တရာတရားအားလျော်စွာ လိုက်နာအားထုတ်ကြလေကုန်၏။ ထို့ကြောင့် အရိယာပုဂ္ဂိုလ်တို့ကိုသာ မြတ်စွာဘုရား၏ '**သာဝက**' ဟု ဆိုအပ်၏။

ကံနှင့် ကံ၏ကောင်းကျိုးကို ယုံကြည်၍ လှူဒါန်းသော အလှူကိုသာ ဒက္ခိဏာဟုဆို၏။ ထိုအလှူကိုခံယူခြင်းငှာ ထိုက်တန်တော်မူသောကြောင့် အရိယာပုဂ္ဂိုလ်တို့ကို ဒက္ခိဏေယျဟု ဆိုရ၏။ အရိယာတို့အား လှူဒါန်းအပ်သော ဒါနသည် အနည်းငယ်ဖြစ်သော်လည်း အကျိုးများစွာရနိုင်၏။ အလှူခံပုဂ္ဂိုလ်ဘက်မှ စင်ကြယ်ခြင်းသို့ ကပ်ရောက်နေသောကြောင့်တည်း။

### ၇။ ယေ သုပ္ပယုတ္တာ ဂါထာ

ရဟန္တာအရှင်မြတ်တို့သည် မြဲမြံသောသမာဓိဖြင့် လွန်စွာ အားထုတ်ကြကုန်၏။ ဂေါတမမြတ်စွာသာသနာတော်၌ ကိလေသာတို့မှ လွတ်မြောက်ကြကုန်၏။ နိဗ္ဗာနဓာတ်ကို အာရုံယူလျက် တစ်ရွေးသားမျှမကုန်ရဘဲ အလွယ်ရတော်မူကြ၍ ဖလသမာပတ် အငြိမ်းဓာတ် ချမ်းသာကို ခံစားကြပြီး အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။ ဤရဟန္တာသံဃာ၌ ရတနာအဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတစ်တွေ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊ ရောဂါကင်းကြပါစေ ဟူ၍ မြန်မာလို မှတ်သားအပ်၏။

သုပ္ပယုတ္တာဖြင့် ကိုယ်၊ နှုတ် စင်ကြယ်ခြင်း၊ သီလ၊ သိက္ခာ၊ မနသာ၊ ဒဠှေနဖြင့် ခိုင်မြဲသောသမာဓိနှင့် ယှဉ်သောစိတ်(သမာဓိသိက္ခာ)၊ နိက္ကာမိနော ဖြင့် ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ကိလေသာအားလုံးကုန်အောင် အားထုတ်ခြင်းဝီရိယနှင့်ယှဉ်သည့် ပညာသိက္ခာကို အသီးသီးပြဆိုသည်။ ရဟန္တာ၏ဂုဏ်ဖြင့် တိုင်တည်သစ္စာဆိုသည်။

မင်းတို့သည်လည်း မင်းစည်းစိမ်ကိုခံစားကြ၏။ နတ်တို့သည်လည်း နတ်စည်းစိမ်ကို ခံစားကြရ၏။ ရဟန္တာအရှင်မြတ်ကြီးတို့သည်လည်း ကိလေသာအပူကင်း၍ အလွန် အေးမြ ငြိမ်သက်လှစွာသော ဖလသမာပတ်ချမ်းသာကို ခံစားကြ၏။

### ၈။ ယထိန္ဒခီလော ဂါထာ

မြေ၌စိုက်ထားသော တံခါးတိုင်

သည် အရပ်လေးမျက်နှာ လေပြင်းမုန်တိုင်းများကြောင့် မတုန်မလှုပ်သကဲ့သို့ မဂ်ဉာဏ်ဖြင့် အရိယသစ္စာကို သိမြင်ပြီးသော သောတာပန်ပုဂ္ဂိုလ်ကို ထိုတံခါးတိုင်ကြီးနှင့်တူသူဟူ၍ ဟောတော်မူ၏။ ဤသောတာပန်သံဃာ၌ ရတနာအဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတစ်တွေချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊ ရောဂါကင်းကြပါစေဟူ၍ မြန်မာလို မှတ်သားအပ်၏။

မြေ၌ ခိုင်မြဲစွာစိုက်ထားအပ်သော တံခါးတိုင်ကြီးသည် အရပ်လေးမျက်နှာတို့မှ တိုက်ခတ်သော လေမုန်တိုင်းတို့ကြောင့် မတုန်မလှုပ်။ ထို့အတူ သောတာပန်အရိယာသည်လည်း တိတ္ထိဆရာကြီးတို့၏ဝါဒ ဟူသော လေမုန်တိုင်းတို့ကြောင့် မတုန်လှုပ်တော့။ သစ္စာလေးပါးမြတ်တရားကို ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြင့် ထိုးထွင်းသိအပ်ပြီးဖြစ်သောကြောင့်ဟူ၏။

ဤဂါထာဖြင့် သောတာပန်အရိယာသည် မည်သည့်ဝါဒကိုမျှ နားယောင်ခြင်းမရှိဘဲ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာတို့၌ သက်ဝင်ယုံကြည်မှု စူးစူးနစ်နစ် ခိုင်ခိုင်မြဲမြဲရှိသည်ကို မှတ်သားရ၏။ ပုထုဇဉ်တို့ကား အပြောကောင်းလျှင် ဟုတ်နိုးနိုးထင်မိတတ်၏။

## ၉။ ယေ အရိယသစ္စာနိ ဂါထာ

နက်နဲသောဉာဏ်တော်ရှင် ဘုရားသခင်သည် အကောင်းဆုံးဟောကြားတော်မူအပ်သော အရိယသစ္စာတို့ကို မဂ်ဉာဏ်ရရှိ၍ ထင်ရှားသိမြင်ကုန်သော သောတာပန်ပုဂ္ဂိုလ်တို့သည် စည်းစိမ်ယစ်၍ အလွန်အကဲ မေ့လျော့နေကြသော်လည်း ရှစ်ကြိမ်မြောက်ဘဝကို ယူရိုးမရှိတော့ပေ။ ဤသောတာပန် သံဃာ၌ ရတနာအဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတစ်တွေ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊ ရောဂါကင်းကြပါစေ ဟူ၍ မြန်မာလို မှတ်သားအပ်၏။

## သောတာပန် (၃)မျိုး

တစ်ဘဝသာဖြစ်ရပြီး ရဟန္တာဖြစ်မည့် ဧကဗီဇ၊ နှစ်ဘဝ, သုံးဘဝအတွင်း ရဟန္တာဖြစ်မည့် ကောလံကောလ၊ ခုနစ်ဘဝဖြစ်ပြီးမှ ရဟန္တာဖြစ်မည့် သတ္တက္ခတ္တုပရမ ဟူ၍ ရှိ၏။ သဒ္ဓါ စသော ဣန္ဒြေတို့ ထက်ခြင်း၊ နုံ့ခြင်းတို့ကြောင့် ဤသို့



သုံးမျိုးကွဲခြင်း ဖြစ်သည်။

## ၁၀။ သဟာဝဿ ဂါထာ

သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဉာဏ် ပြည့်စုံသည်နှင့် တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတ တရားသုံးပါးနှင့် အချို့သော ကိလေသာများကို ပယ်ရှားပြီး ဖြစ်သည်။

ထို သောတာပန်ပုဂ္ဂိုလ်တို့သည် အပါယ်လေးဘုံတို့မှ လွတ်ရပေပြီ။ အလွန်ရုန့်ရင်းကြမ်းတမ်းကုန်သော (၆)ပါးသော အကြောင်းစု ပြစ်မှုတို့ကို ပြုခြင်းငှာ မထိုက်တော့။ ဤသို့ သောတာပန်သံဃာ၌ ရတနာအဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတစ်တွေ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊ ရောဂါကင်းကြပါစေ ဟူ၍ မြန်မာလို မှတ်သားအပ်၏။

ဤဂါထာဖြင့် သောတာပန်သည် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ဟူသော ကိလေသာဝဋ်ကို ပယ်ပြီးသည်ကိုလည်းကောင်း၊ အပါယ်လေးပါးဟူသော ဝိပါကဝဋ်ပယ်ပြီးသည်ကိုလည်းကောင်း၊ ဆစ္စာဘိဌာနာနိ စသော ပါဠိဖြင့် ထိုဝဋ်တို့၏ မူလ ဘူတဖြစ်သော ကမ္မဝဋ်ပယ်ပြီးသည်ကိုလည်းကောင်း ပြဆိုသည်။

သက္ကာယဒိဋ္ဌိ ဟူသည် ထင်ရှားရှိသော ခန္ဓာငါးပါး၌ ထင်ရှားမရှိသော ပုဂ္ဂိုလ်သတ္တဝါ ထင်မှားမှု ဖြစ်သည်။

ဝိစိကိစ္ဆာ ဟူသည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ သံသရာ၏ရှေ့အဖို့၊ နောက်အဖို့၊ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ ယုံမှားခြင်းတည်း။

သီလဗ္ဗတ ဟူသည် ကိလေသာတို့ကို မစင်ကြယ်စေနိုင်သော လွဲမှားအကျင့် (နွားသီလ၊ ခွေးသီလ၊ နွားကျင့်၊ ခွေးကျင့်) ဟူ၍ စာ၌ဆိုသည်။

## သောတာပန်အရိယာ မလွန်ကျူးတော့သည့် (၆) ဌာန

အမိရင်းသတ်ခြင်း၊ အဖရင်းသတ်ခြင်း၊ ရဟန္တာသတ်ခြင်း၊ သံဃာဂိုဏ်းခွဲခြင်း၊ မြတ်စွာဘုရား သွေးထွက်အောင် လုပ်ခြင်းနှင့် ဗုဒ္ဓမှတစ်ပါး အခြားသူကို ဆရာဟု မညွှန်ပြခြင်းတို့ ဖြစ်၏။

ဤကဲ့သို့ ကြီးလေးသော ကံကြီးများအပြင် ကြမ်းပိုး၊ ခြင်၊ ယင် စသော သတ္တဝါအသေးတို့ကိုပင် သောတာပန်သည် စေတနာဖြင့် သတ်ရိုးထုံးစံ မရှိ။ ဒိအပြင် နောက်ဘဝရောက်ရှိသွားပြီး မိမိ အရိယာဖြစ်မှန်း မသိသော်လည်း ဓမ္မတာသဘောအားဖြင့် ဤအမှုကြီးများနှင့် ငါးပါးသီလ ဖောက်ဖျက်ခြင်းတို့ကို မလွန်ကျူးတော့။ ပုထုဇဉ်တို့ကား သစ္စာလေးပါးကို မသိမမြင်နိုင်ကြသေးသောကြောင့် ဤကဲ့သို့သော အကုသိုလ် အမှုကြီးများကို လွန်ကျူးမိတတ်ကြ၏။

## ၁၁။ ကိဉ္စာပိ သော ကမ္မ ဂါထာ

သောတာပန်သည် ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ မကောင်းသောပြစ်မှုကို ကျူးလွန်မိစေကာမူ ထိုပြစ်မှုကို ဖုံးကွယ်ထိမ်ဝှက်တတ်သူ မဟုတ်။ နိဗ္ဗာန်ကိုမြင်သိလေသော သောတာပန်၏ မိမိပြုမိသောပြစ်မှုကို မကွယ်ဝှက်ထိုက်သူ ဖြစ်ကြောင်းကို ဗုဒ္ဓ ဟောကြားတော်မူ၏။ ဤသောတာပန် သံဃာ၌ ရတနာအဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတစ်တွေ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊ ရောဂါကင်းကြပါစေ ဟူ၍ မြန်မာလို မှတ်သားအပ်၏။

သတိမေ့လျော့ ကံသုံးပါးတို့ဖြင့် အကုသိုလ်အမှု သေးသေးမွှားမွှားတို့ကို ပြုမိမှားသော်လည်း ဘုရား၊ အရိယာ၊ အတူနေသီတင်းသုံးဖော်တို့ထံ မိမိအမှားကိုဝန်ခံ၏။ တောင်းပန်ကုစား၏။ နောင်ဤကဲ့သို့ မလွန်ကျူးဖြစ်အောင် စောင့်စည်း၏။ ဤသုံးဂါထာတို့ကား အရိယာတို့တွင် ဂုဏ်အငယ်ဆုံး သောတာပန်သံဃာ၏ဂုဏ်ဖြင့် သစ္စာဆိုခြင်း ဖြစ်၏။

## ၁၂။ ဝနပ္ပဂုမ္ဗေဂါထာ

နွေလေးလတို့၏ ပထမတန်ခူးလ၌ ပုရစ်ဖူး ရွက်နုရွက်သစ် အဖူးအငုံ အပွင့် ဝေဝေဆာဆာရှိသော တောအုပ်သည် အသရေရှိသကဲ့သို့၊ တောအုပ်ကြီးအလား အနက်သဒ္ဒါဝေဆာစုံပေါ် နိဗ္ဗာန်သို့ရောက်ကြောင်း သုံးပုံပိဋကတ်တရားမြတ်ကို အမြတ်ဆုံးနိဗ္ဗာအကျိုးငှာ ဟောကြားတော်မူ၏။ ဤဘုရားမြတ်၌ ရတနာအဖြစ် နှစ်သက်ဖွယ်ဂုဏ်ရည်ကား ထူးခြား ကောင်းမြတ်လှပါပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတစ်တွေ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊

ရောဂါကင်းကြပါစေ ဟူ၍ မြန်မာလို မှတ်သားအပ်၏။

မြတ်စွာဘုရားသည် နိဗ္ဗာန်လိုလား အမျိုးကောင်းသား/သမီးတို့အား ခန္ဓာ၊ အာယတနဓာတ်၊ သစ္စာ၊ သတိပဋ္ဌာန် သမ္မဓာန် စသော အနက်အမျိုးမျိုးဖြင့် လည်းကောင်း၊ ဝေနေယျတို့၏အလိုနှင့် အကြိုက်၊ စရိုက်နှင့် ဣန္ဒြေ၊ အနုအရင့် ထောက်ချင့်၍ နားလည်လွယ်၊ နှစ်လိုဖွယ်ဖြစ်အောင် သဒ္ဒါစကား အဖုံဖုံတို့ကို သုံးနှုန်းဟောတော်မူ၏။ တရားတော်တို့သည် အနက်သဒ္ဒါ ပြောစရာမရှိ ဝေဆာစုံလင်လှ၏။ ထို့ကြောင့် နွဦးအခါ တန်ခူးလအခါ တောလုံးအနှံ့ အဖူးအပွင့်များဖြင့် ဝေဝေဆာဆာ တောမြိုင်မဟာနှင့် ပမာတူကြောင်း ဥပမာလောင်း၍ တရားတော်ကို ဂုဏ်တင်တော်မူသည်။

ကျမ်းဂန်စာပေ ကောင်းမွန်အည်နှင့်အမျှ ကျမ်းပြုသူ၊ ရေးသားသူတို့အား ချီးမွမ်းကြသလိုမျိုး တရားတော်သည် အနက်ရော အသံပါ အရသာပြည့်ဝသဖြင့် ပညာရှိတို့စိတ်နှလုံးကို ရွှင်ပြုံးစေနိုင်၏။ နှစ်သက်မဆုံးလည်း ဖြစ်ကြ၏။ ထိုအခါ ဓမ္မပိုင်ရှင် ဘုရားသခင်၏ဂုဏ်တော်ကိုလည်း ပေါ်လွင်စေတော့၏။ ထို့ကြောင့် ဗုဒ္ဓဂုဏ်တော်ကို ထုတ်ဖော်၍ သစ္စာဆိုခြင်း ဖြစ်၏။

**၁၃။ ဝရောပရညူဂါထာ**

နတ်၊ လူအများ လိုလားတောင့်တ ပုဂ္ဂိုလ်မြတ်လည်းဖြစ်၊ အမြတ်ဆုံးနိဗ္ဗာန်ကိုလည်း သိတော်မူ၊ မြတ်နိဗ္ဗာန်ကိုလည်း ပေးတတ်၊ ကျင့်စဉ်မြတ်ကိုလည်း ယူဆောင်တတ်သော အမြတ်ဆုံးဘုရားရှင်သည် တရားတော်မြတ် အရပ်ရပ်ကို ဟောကြားတော်မူ၏။ ဤဘုရားမြတ်တွင် ရတနာအဖြစ် နှစ်သက်ဖွယ်ဂုဏ်ရည်ကား ထူးခြားကောင်းမြတ်လှပါပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတစ်တွေ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊ ရောဂါကင်းကြပါစေ ဟူ၍ မြန်မာလို မှတ်သားအပ်၏။

အထက်ဂါထာဖြင့် ပရိယတ္တိဓမ္မ၊ ဤဂါထာဖြင့် လောကုတ္တရာဓမ္မတို့ဖြင့် ဗုဒ္ဓ၏ဂုဏ်ကို ထုတ်ဖော်၍ သစ္စာဆိုသည်။

အလုံးစုံသောတရားတို့ထက် မြတ်သောကြောင့် နိဗ္ဗာန်သည် 'ဝရ' မည်၏။ 'ဝရညူ' အမြတ်ဆုံးနိဗ္ဗာန်ကို သိမြင်တော်မူသည်ဟု ဆိုသဖြင့် နိဗ္ဗာန်ကို သိမြင်နိုင်စွမ်းသော မဂ်ဖိုလ်ကို လည်းကောင်း၊ မဂ်ဖိုလ်ကိုရကြောင်း ဝိပဿနာ, သီလ, သမာဓိ စသော တရားများကိုလည်း ဗုဒ္ဓသိပြီးဖြစ်သည်မှာ အထူးပြောဖွယ်မလိုတော့ပေ။

**၁၄။ ခီဏံ ပုရာဏံဂါထာ**

ရဟန္တာအရှင်မြတ်ကြီးတို့၌ အတိတ်ကံဟောင်းတို့လည်း ကုန်ပြီ၊ ကံသစ်များလည်း ဖြစ်ပေါ်ခြင်း မရှိတော့။ နောင်ဖြစ်ရမည့်ဘဝသစ်၌ တွယ်တာသောစိတ်လည်း ကင်းတော်မူကြ၏။ ပဋိသန္ဓေမျိုးစေ့လည်း ကုန်ပြီ။ ဘဝအသစ်ဆက်လက်ဖြစ်ဖွံ့ဖြိုးရေး၌ လိုအင်ဆန္ဒမရှိကြကုန်။ ထိုရဟန္တာအရှင်မြတ်ကြီးတို့သည် ဆီမီးငြိမ်းသွားသကဲ့သို့ ဝဋ်ဘဝဇာတ်သိမ်း၍ ချုပ်ငြိမ်းတော်မူကြကုန်၏။ ဤရဟန္တာသံဃာ၌ ရတနာအဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတစ်တွေ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊ ရောဂါကင်းကြပါစေ ဟူ၍ မြန်မာလို မှတ်သားအပ်၏။

ဤဂါထာဖြင့် ရဟန္တာအရှင်မြတ်ကြီးတို့၏ဂုဏ်တော်ကိုထုတ်ဖော်၍ သစ္စာပြုခြင်းကိုလည်းကောင်း၊ ရဟန္တာဟူသည်ကိုလည်းကောင်း သိရ၏။

သဘာဝတရားမှန်သမျှ ခဏမွှတာ အားလျော်စွာ ဖြစ်ပေါ်က ချုပ်ပျောက်ရ၏။ ကံများကား အကြွင်းအကျန်မရှိ ချုပ်ကွယ်သွားကြခြင်းမဟုတ်၊ အခွင့်သင့်ရာအခါ၌ စွမ်းရည်များကို အကျိုးပေးဖို့ ချန်ရစ်ထား၏။ တဏှာအစိုဓာတ် ရှိနေသမျှ ပဋိသန္ဓေအကျိုးပေးမည်သာတည်း။ အစိုဓာတ်ရှိနေသေးသော မျိုးစေ့သည် အပင်ပေါက်စေနိုင်သကဲ့သို့ ဖြစ်သည်။

ရဟန္တာ အရှင်မြတ်ကြီးတို့ကား အရဟတ္တမဂ်ဉာဏ်ဖြင့် တဏှာအစိုဓာတ်ကိုခြောက်သွေ့စေကြကုန်၏။ ထို့ကြောင့် ကံတရားတို့သည်လည်း ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်ခြင်း မရှိကြတော့။ မျိုးစေ့ကို ခြောက်သွေ့သွားအောင် မီးရှို့လိုက်သကဲ့သို့ ဖြစ်သည်။ ယင်းကို ကံဟောင်းကုန်သည်ဟု ဆိုအပ်၏။

အရှင်မြတ်ကြီးတို့သည် ဘုရားကို ပူဇော်ခြင်း၊ ဒါနပြုခြင်း စသည်ကိုအစွမ်းဖြင့် ကံသစ်များကို ပြုကြ၏။ ထိုကံသစ်သည်လည်း တဏှာကိုပယ်သတ်ပြီးဖြစ်၍ အမြစ်ပြတ်ပြီးသော ပန်းပင်ကဲ့သို့ပင် နောင်တွင် အကျိုးပေးရန်မစွမ်းနိုင်။ ထို့ကြောင့် ကံသစ်များလည်း အလျှင်းမရှိဟု ဆိုရ၏။

ဤဂါထာသည် ရတနသုတ်အဆုံးဖြစ်သည်။ မင်းများနှင့်တကွ ပြည်သူ/သားတို့ ကောင်းကျိုးချမ်းသာများ ရရှိကြ၏။ ဘေးရန်တွေအားလုံး ကင်းငြိမ်းသွားကြ၏။ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့သည် သစ္စာလေးပါး မြတ်တရားကို ထိုးထွင်းသိကြရ၏။

**၁၅။ ယာနီဓဘူတာနိ (၃) ဂါထာ**

ဘုမ္မစိုးနတ်များ၊ အာကာသစိုးနတ်များတို့သည် ဤအရပ်၌ စုဝေးလျက် ရှိကြကုန်၏။ နတ်အများတို့ လေးစားပူဇော်အပ်သော တထာဂတ အမည်ရသော မြတ်စွာဘုရားကို၊ တရားတော်ကို၊ သံဃာတော်ကို ငါတို့ရှိခိုးကြပါကုန်၏။ သတ္တဝါတစ်တွေ ချမ်းသာကြပါစေ ဟူ၍ မြန်မာလို မှတ်သားအပ်၏။

သိကြားမင်းသည် 'မြတ်စွာဘုရားသည် ရတနာသုံးပါး၏ဂုဏ်တော်ကိုအမှီပြု၍ သစ္စာစကားကို ဆိုတော်မူခြင်းဖြင့် မြို့သူမြို့သားတို့ ဘေးရန်ကင်းကွာ ချမ်းသာခြင်းကို ပြုလေပြီ။ ငါကလည်း မြို့သူမြို့သားတို့ ဘေးရန်ကင်းကွာ ချမ်းသာစေခြင်းအကျိုးငှာ ရတနာသုံးပါး၏ ဂုဏ်တော်ကိုအမှီပြု၍ တစ်စုံတစ်ရာ ဆိုသင့်၏' ဟု ကြံတွေး၍ ဤအဆုံးဂါထာ သုံးပုဒ်ကို ဆိုခြင်း ဖြစ်သည်။

ဤဂါထာများတွင် ဗုဒ္ဓ၊ ဓမ္မ၊ သံဃတို့ကို '**တထာဂတ**' ဟု ဆိုထားသည်။

ဂါထာသုံးပုဒ်ဖြင့် ပူဇော်ရွတ်ဆိုပြီး သိကြားမင်းသည် နတ်ပရိသတ်နှင့်အတူ မြတ်စွာဘုရားကို လက်ယာရစ် အရိုအသေပေးကာ နတ်ပြည်သို့ ပြန်သွား၏။

မြတ်စွာဘုရားသည် (၇) ရက်တိုင်အောင် ရတနသုတ်ကို ဟောကြားတော်မူ၏။ ဒေသနာတော်အဆုံးတွင် နေ့စဉ်နေ့တိုင်း ရှစ်သောင်းလေးထောင်စီသော သတ္တဝါအများ သစ္စာလေးပါးမြတ်တရားကို ထိုးထွင်းသိကြရ၏။

အစာရေစာ ရှားပါးပြတ်လပ်ဘေး၊ လူမဟုတ်သော သူတို့၏ဘေး၊ ရောဂါဘယထူပြောသောဘေးတို့ ကျရောက်နေပါက လွတ်မြောက်စေရန် လည်းကောင်း၊ ရတနာရှိရာ ရတနာစုဖို့ရန် လည်းကောင်း ရတနသုတ်ကို ယုံကြည်စွာ ရွတ်ဖတ်ပူဇော်ကြရပါမည်။ ရတနာမြတ်သုံးပါး၏ စစ်မှန်သောဂုဏ်တော်တွေကို တိုင်တည် သစ္စာဆိုထားသော ကြောင့်ပါတည်း။

အရှင်ပညာသီဟာဘိဝံသ

(ပဋ္ဌာနိကာဘယ်)